## ထုတ်ဝေသူ၏အမှာစာ

'စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုက်ပွဲဝင်အောင်မြင်ရေးမဟာဗျူဟာများ' သည် နေ့စဉ် ကြုံတွေ့နေရသော နူးညံ့သိမ်မွေ့လှသည့် လူမှုရေးဘဝကို တီထွင်ဉာဏ်ကောင်းမွန်ပြီး ထိရောက်မှုရှိသော စစ်ဘက်ဆိုင်ရာ ဥပဒေသများနှင့် နှိုင်းယှဉ်ချိန်ထိုး၍ မီးမောင်းထိုး ပြသထားသည့် စာအုပ်ဖြစ်သည်။

ဤစာအုပ်သည် လူတစ်ဦးချင်းစီအတွက် အောင်မြင်ရေးဆိုင်ရာ တက်ကျမ်းတစ်စောင် မဟုတ်ဘဲ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်အသီးသီးတွင်ရှိနေပြီး အနာဂတ်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းအလိုက် ခေါင်းဆောင်များအဖြစ် တက်လှမ်းလိုသူများ၊ လက်ရှိ အဖွဲ့အစည်း အသီးသီးတွင် ဦးစီးဦးဆောင် တာဝန်ယူထားကြသော ခေါင်းဆောင်ငယ်များ၊ ခေါင်းဆောင်ရွယ်များစသည့် ဦးစီးခေါင်းဆောင်အသီးသီးအတွက် လက်စွဲပြုရာ ခေါင်းဆောင်မှုလက်စွဲစာအုပ်တစ်အုပ် ဖြစ်သည်။ နေ့စဉ်ကြုံတွေ့နေရမည့် လုပ်ငန်းခွင် အခက်အခဲ၊ အုပ်ချုပ်မှုဆိုင်ရာ ပြဿနာများ၊ အဖွဲ့အစည်းအောင်မြင်ရေး နည်းနာများကို စစ်ဘက်ဆိုင်ရာ အတွေ့အကြုံများဖြင့် လမ်းပြပေးထားသည့်စာအုပ်လည်း ဖြစ်သည်။

ဤစာအုပ်ကို စစ်ခေါင်းဆောင်ငယ်မှသည် ထိပ်တန်းဗိုလ်ချုပ်ကြီးများအထိ စစ်ရေးဆိုင်ရာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် စစ်ရေးဆိုင်ရာ အတွေ့အကြုံများကို လက်တွေ့စစ်ဆင်ရေးများတွင် ကောက်ယူချိန်ထိုးနိုင်သလို၊ စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း အခြေအနေကောင်းများ ဖန်တီးနိုင်ရန် စစ်ဘက်ဆိုင်ရာ ဥပဒေသများနှင့် ချိန်ဆ စွန့်စား လုပ်ဆောင်နိုင်မည် ဖြစ်သည်။ ထိုနည်းတူ အုပ်ချုပ်ရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်များရှိ ခေါင်းဆောင်များအတွက်လည်း ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် တီထွင်လုပ်ဆောင်ရမည့် အချက်များကို သမိုင်းတွင် ဖြစ်တည်၊ တည်ရှိပြီးဖြစ်သော စစ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် ဥပမာပြယုဂ်များကို အခြေခံ၍ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

ဤ 'စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုက်ပွဲဝင် အောင်မြင်ရေးမဟာဗျူဟာများ' ကို **Robert Greene** ရေးသားသော **The 33 Strategies of War** မှ တိုက်ရိုက် ပြန်ဆိုပါသည်။ ထိုစာအုပ်ကို မြန်မာတို့သိပြီး ပင်ဂွင်းစာအုပ်တိုက် အုပ်စုဝင် **Viking** စာအုပ်တိုက်က ၂၀၀၆ ခုနှစ်၊ တတိယပတ်တွင် ထုတ်ဝေခဲ့သည်။ မူရင်းစာအုပ်တွင် အပိုင်း ငါးပိုင်း၊ အခန်းအားဖြင့် ၃၃ ခန်း ပါဝင်ပါသည်။ အပိုင်းတစ်ပိုင်းစီကို စစ်ဆင်ရေးအလိုက် ဖွဲ့စည်းထားပြီး အခန်းတစ်ခန်းစီတွင် မဟာဗျူဟာတစ်ခုစီ ဖော်ပြထားသည်။



'စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုက်ပွဲဝင် အောင်မြင်ရေးမဟာဗျူဟာများ' မြန်မာဘာသာပြန် ထုတ်ဝေရာတွင် မဟာဗျူဟာ ၁၁ ခုစီကို စာအုပ်တစ်အုပ်စီအဖြစ် အတွဲ သုံးတွဲ ခွဲ၍ ထုတ်ဝေပါသည်။ မဟာဗျူဟာများကို တစ်ခုချင်း လေ့လာအသုံးချ၍ရသလို ဆက်တိုက်လေ့လာ၍လည်း ရပါသည်။ အတွဲတိုင်းတွင် မဟာဗျူဟာ ၃၃ ခုစလုံး၏ မာတိကာနှင့် အကြောင်းအရာအကျဉ်းချုပ်ကို သီးခြားလေ့လာနိုင်ရန် ဖော်ပြပေးထားပါသည်။



## ဤစာအုပ်နှင့်ပတ်သက်၍

ဤစာအုပ်တွင် ကမ္ဘာပေါ်ရှိ ယဉ်ကျေးမှုကြီးပေါင်းများစွာကို မွှေနှောက်ရှာဖွေ၍ ဒါဇင်ပေါင်းများစွာရှိသော နိုင်ငံရေးစာအုပ်များ၊ ဒဿနိကဆိုင်ရာစာအုပ်များ၊ ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်များနှင့် နှစ်ပေါင်း ထောင်ပေါင်းများစွာအတောအတွင်း ဖြစ်ပျက်ခဲ့သော ရက်စက်ကြမ်းကြုတ်လှသည့် ပဋိပက္ခပေါင်းများစွာတို့မှ မီးမောင်းထိုးပြသသည့် ဖြစ်ရပ်ပေါင်းများစွာတို့ကို ထုတ်နုတ်ပေါင်းစပ်၍ ဖော်ပြထားသည်။

ဤ 'စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုက်ပွဲဝင် အောင်မြင်ရေးမဟာဗျူဟာများ' စာအုပ်သည် သင် နေ့စဉ် ကြုံတွေ့နေရသော နူးညံ့သိမ်မွေ့လှသည့် လူမှုရေးဘဝကို တီထွင်ဉာဏ်ကောင်းမွန်ပြီး ထိရောက်မှုရှိသော စစ်ဘက်ဆိုင်ရာ ဥပဒေသများနှင့် နှိုင်းယှဉ်ချိန်ထိုး၍ မီးမောင်းထိုးပြသထားသည့် စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် လူသားတို့၏ သမိုင်းမှ အဖြစ်အပျက်နမူနာပေါင်း မြောက်မြားစွာနှင့် ပုံဖော်ခြယ်မှုန်းပြသထားရာ နပိုလီယံမှ မာဂရက်သက်ချာအထိ၊ **Shaka the Zulu** မှ လော့ဒ်နယ်လ်ဆင်အထိ၊ ဟန်နီဘောလ်မှ **Ulysses S.Grant** အထိနှင့် စက်မှုလုပ်ငန်းကြီးများတွင် ဦးစီးဦးဆောင် ပြုလုပ်နေသူများ၊ ဆာမူရိုင်းစားသမားများ၊ သံတမန်များအထိ ၎င်းတို့၏ ဉာဏ်ထက်မြက်မှုများ၊ မိုက်မဲမှုများစသည်တို့ကို သုံးသပ်ဖော်ပြထားသည်။ ဤစာအုပ်ပါ အခန်းပေါင်း ၃၃ ခန်း၏ တစ်ခန်းစီတွင် နေ့စဉ်ဘဝ၌ ကြုံတွေ့နေကြရသည့် ဘဝတိုက်ပွဲများတွင် အောင်မြင်မှုရရှိရန် အကူအညီပေးကြမည့် မဟာဗျူဟာတစ်ခုစီကို ပုံကြမ်းလောင်း၍ ဖော်ပြပေးထားသည်။

သင့်အနေဖြင့် လက်ဦးမှုကို ရယူထိန်းသိမ်းထားရန်နှင့် အားသာသောအနေအထားမှ စေ့စပ်ဆွေးနွေးညှိနှိုင်းရာ၌ အသုံးပြုရန်လိုအပ်မည့် ထိုးစစ်ဆင်မှုဆိုင်ရာ မဟာဗျူဟာများ၊ သင့်အနေနှင့် အန္တရာယ်ရှိသော အနေအထားများကို တုံ့ပြန်ရန်နှင့် အနိုင်ရဖွယ်မရှိသော တိုက်ပွဲများကို ရှောင်ရှားရာ၌ အသုံးပြုရန် လိုအပ်မည်ဖြစ်သော ခံစစ်ဆိုင်ရာ မဟာဗျူဟာများကို လေ့လာထားသင့်သည်။

ထို့အပြင် အလစ်အငိုက်ဖမ်းနိုင်မှု၏ အရေးပါပုံနှင့် သင့်အား သမားရိုးကျမဟုတ်သည့်သာမက တောင်းပန်၍ပင် မရနိုင်လောက်အောင် ညစ်ပတ်ဆိုးရွားလှသည့် မဟာဗျူဟာများကို အသုံးပြု တိုက်ခိုက်လာမှုမှ ခုခံကာကွယ်သည့် နည်းလမ်းများကိုလည်း သိထားရန် လိုအပ်ပေသည်။

စစ်တလင်းများ၌ ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်နေကြသော စစ်သည်တော်များသာမက စည်ခန်းများ၊ စည်ခံပွဲများ၊ ဘုတ်အဖွဲ့အစည်းအဝေးခန်းများ စသည်တို့၌ ယဉ်ယဉ်ကျေးကျေး တိုက်ခိုက်နေကြသူများ



သည် ဆင်ခြင်ချော်တွေးမှု၊ ပေါ့ပါးဖျတ်လတ်မှု၊ တည်ငြိမ်မှုနှင့် ဟန်ချက်ညီမှုတို့ကို ပြသရလေ့ရှိပြီး ခေါင်းစားချင့်ချိန်နိုင်စွမ်းရှိသူ၊ ကြံရည်ဖန်ရည်ရှိသူ၊ ပင်ကိုဗီဇစိတ်ဖြင့် အလိုလိုသိသူတို့က ထိတ်လန့်တုန်လှုပ်ပြီး တီထွင်မှုမရှိသူ၊ မိုက်မဲတွေဝေသူတို့ကို အမြဲတမ်း အနိုင်ယူလေ့ရှိကြသည်။

လူ့ဘဝ၌ အောင်မြင်လိုသူတိုင်း လက်လွှတ်၍မရနိုင်သော ဤစာအုပ်တွင် မအောင်မြင်မှုနှင့် ရှုံးနိမ့်မှုပုံစံအမျိုးမျိုးတို့ကို ကျော်လွှားနိုင်ပြီး အမြဲတမ်းအသာစီးရနေစေမည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ လက်နက်အားလုံးကို စုစည်းစွာ ဖော်ပြပေးထားသည်။